(က) ပြိုင်ပွဲဝင်များသည် မိမိ၏ပြိုင်ပွဲဝင် ပိုစတာ သို့မဟုတ် ဗီဒီယို သို့မဟုတ် စာစီစာကုံးကို တင်သွင်းသည့်အခါ မူပိုင်ခွင့်ကို ပိုင်ဆိုင်ကြောင်းနှင့် အခြားသူများ၏ ဉာဏ အခွင့်အရေးကို ချိုးဖောက်မှု မရှိကြောင်း၊

(ခ) အခြားသူများ၏ မူပိုင်ခွင့်အခွင့်အရေးများကို ချိုးဖောက်၍ ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မူပိုင်ခွင့်ဥပဒေဖြင့် အရေးယူခံရမည် ဖြစ်ကြောင်း၊

(ဂ) မိမိအနေဖြင့် အခြားသူများ၏ မူပိုင်ခွင့်များကို ချိုးဖောက်၍ ပြိုင်ပွဲဝင် ပိုစတာ သို့မဟုတ် ဗီဒီယိုများတွင် ထည့်သွင်းအသုံးပြုခြင်းကြောင့် ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ပြိုင်ပွဲစီစဉ်ကျင်းပသည့် အဖွဲ့အစည်းများနှင့် စိစစ်ရွေးချယ်ရေး ကော်မတီတို့နှင့် သက်ဆိုင်မှုမရှိကြောင်း၊

(ဃ) မိမိ၏ပြိုင်ပွဲဝင် ပိုစတာ သို့မဟုတ် ဗီဒီယို သို့မဟုတ် စာစီစာကုံးကို လိုအပ်ပါက တည်းဖြတ်ခြင်း၊ မှတ်ချက်များ၊ ရှင်းလင်းချက်များ ထည့်သွင်းခြင်းနှင့် မူရင်းတင်ပြသူ ပိုင်ရှင်အမည်ကို ဖော်ပြခြင်းမပြုဘဲ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ အတွက် ပြိုင်ပွဲစီစဉ်ကျင်းပသည့် အဖွဲ့အစည်းများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်တို့မှ အသုံးပြုခြင်းကို ခွင့်ပြုကြောင်း၊

(င) ပြိုင်ပွဲဝင် ပိုစတာ၊ ဗီဒီယို နှင့် စာစီစာကုံးတို့ကို ပြန်လည်သုံးသပ်ခြင်းနှင့် ပြန်လည် ပေးအပ်ခြင်းများ ပြုလုပ်မည်မဟုတ်ပါကြောင်း၊

(စ) ပြိုင်ပွဲ ဦးဆောင်ကျင်းပသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ပြိုင်ပွဲသို့ တင်သွင်းသည့်ပိုစတာ သို့မဟုတ် ဗီဒီယို သို့မဟုတ် စာစီစာကုံးများကို အဂတိ လိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံး ၏ ဝက်ဘ်ဆိုဒ်နှင့် အင်တာနက် စာမျက်နှာ များတွင် ဖော်ပြခြင်း၊ ပြပွဲများ၊ ဖိုရမ်များ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်း ဖတ်ကြား ဆွေးနွေးပွဲများ စသည်တို့တွင် အသုံးပြုခြင်းနှင့် မည်သည့်အတွက်ကြောင့် အသုံးပြု ခြင်း ဖြစ်သည်ကို ကာယကံရှင်အား အကြောင်းကြားမည် မဟုတ်သည်ကို သိရှိပါကြောင်း။

| | |
|---|---|
| လက်မှတ် | ---------------------------------------- |
| အမည် | ---------------------------------------- |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ | ---------------------------------------- |
| သက်သေခံလက်မှတ် | ---------------------------------------- |
| ရက်စွဲ | ---------------------------------------- |